

# မြိတ်မြို့ ပုန်းညက်တောင်ပေါ်က သေးမားသိမ်

မြိတ်မြို့ပေါ်မှာ "ပုန်းညက်တောင်" ဆိုတာရှိပြီး အဲဒီတောင်ပေါ်မှာ လေ့လာသင့်တဲ့ရှေးဟောင်း ဘုရားသိမ်တစ်ခု ရှိတယ်လို့လည်း သိထားပါတယ်။ ဒါပေမယ့် တကယ်တမ်းရှာကြည့်တော့ စုံစမ်းမိတဲ့မြို့ခံလူတွေတောင်မှ ပုန်းညက်တောင်ဆိုတာကို ညွှန်ပြမပေးနိုင်ပါဘူး။

ဒါကြောင့် ကိုယ်နည်းကိုယ့်ဟန်နဲ့ပဲ ဖြစ်နိုင်မယ်ထင်ရတဲ့ မြိတ်မြို့ပေါ်က ဘုရားတောင်တွေကို ရှာကြည့်ဖြစ်ခဲ့ပါတယ်။

နောက်ဆုံးတော့ ပုန်းညက်တောင်ကို တွေ့ပါပြီ။

ဒီကနေ့ခေတ် တောကျောင်းတောင်(တောရကျောင်း တည်ရှိရာတောင်) လို့ လူတွေသိနေကြတဲ့နေရာပဲ ဖြစ်ပါတယ်။ တောကျောင်းတောင်မှာ တောကျောင်း(တောရကျောင်း) အပြင် မင်းကျောင်းနဲ့ မြစ်မကျောင်းတို့လည်း တည်ရှိနေပါတယ်။

အရင်က ဒီတောင်ပေါ်မှာ အများအပြားပေါက်ရောက်နေတဲ့ ပုန်းညက်ပင်တွေကြောင့် ပုန်းညက်တောင်လို့ ခေါ်ဆိုခဲ့ဖူးပေမယ့်လည်း အခုချိန်မှာတော့ တောကျောင်းကြီး တည်ရှိနေတာကို အစွဲပြုပြီး တောကျောင်းတောင်လို့ပဲ လူသိ



များတော့တာပါ။ ဒါကြောင့် ပုန်းညက်တောင်ဆိုတာကို အခုခေတ်လူတွေ သိပ် မသိကြတော့တာ ဖြစ်နိုင်ပါတယ်။



ပုန်းညက်တောင်ပေါ်မှာ စေတီတွေနဲ့ ရှေးဟောင်းဘုရားသိမ်ကြီးတွေ တွေ့ရပါတယ်။ အဲဒီထဲမှာ စိတ်ဝင်စားဖို့ ကောင်းတာက သေးမားသိမ်ပါ။ လူသိများတဲ့ သိမ်ကြီးတောင် (ခယ်တောင်) ပေါ်က သိမ်ထက် အရွယ်အစား ငယ်ပေမယ့် သူက ပိုရှေးကျပုံရတယ်။ သိမ်ရဲ့အနေအထားနဲ့ ဖွဲ့စည်းပုံတွေကတော့ ဒီဒေသမှာ တွေ့ရလေ့ရှိတဲ့ အနေထားမျိုးပဲ ဖြစ်ပါတယ်။ ရှည်မျောမျောသိမ် အဆောက်အအုံကို အရှေ့ဘက်လှည့်ပြီး ဆောက်ထားတာမျိုးပါ။



အောက်ခံအုတ်ခုံမြင့်မြင့်မှာ စိန်ထောင်တွေနဲ့ အလှဆင်ထားပြီး ဖောင်းရစ်အဆင့်ဆင့် ခံထားတဲ့အကြားက ပြူတင်းပေါက်တွေကို အပေါ်ဘက် မြှင့်ပြီး ဖောက်ထားပါတယ်။ ဒါဟာ ပြည်မက ဘုရားသိမ်တို့နဲ့ ကွဲပြားတဲ့ အနေအထားမျိုးတွေ ဖြစ်ပါတယ်။

ပုလော၊ မြိတ်နဲ့ တနင်္သာရီဘက်တို့ဘက်မှာသာ ဒီပုံစံအနေအထားတွေ တွေ့ရတာပါ။

သိမ်ရှေ့မှာ စိုက်ထူထားတဲ့ ကျောက်စာတစ်ချပ်ကို တွေ့ရတော့ အတော်ပဲ

ဝမ်းသာမိပါတယ်။ ကျောက်စာအထောက် အထားက သူနဲ့ သက်ဆိုင်တဲ့ သမိုင်း ကြောင်းကို သိရဖို့ အရေးကြီးတယ် မဟုတ်လား။ သိမ်အဝင်ပေါက် နှစ်ပေါက် ရဲ့ သံပန်းတံခါးအတွင်းဘက်မှာ ဇာတ် တော်လာ ရုပ်ကြွတွေ ထွင်းထုထားတဲ့ သစ်သားတံခါးရွက်တွေ ခံထားတာတွေ့ ရတယ်။ ရှစ်လက်မလောက်အထူရှိတဲ့ ပျဉ် ချပ်ပေါ်မှာ ထွင်းထုထားတာ ဆိုတော့ ရုပ်လုံးက တော်တော်ကြွတာပါ။ ဒါပေမယ့် လည်း နောက်ပိုင်းမှ ဆေးရောင်စုံတွေနဲ့ အရောင်တွေ သွင်းထားတာမို့ ရှေးလက်ရာ အတိုင်း အပြည့်အဝ မခံစားရတော့ပါဘူး။ ဒီတံခါးရွက်က ရုပ်တွေကို ကြည့်ရတာဖြင့် ကိုလိုနီခေတ်လက်ရာ ဖြစ်ပုံရပါတယ်။





သိမ်ထဲကိုဝင်လိုက်တဲ့အခါမှာ ဆင်းတုတော်အကြီးအငယ်တွေကို မြိတ်မြို့ရဲ့နာမည်ကျော် သိမ်ကြီးတောင်က သိမ်ထဲမှာအတိုင်းပဲ ထားရှိကိုးကွယ်ထားတာကို တွေ့ရပါတယ်။ သိမ်မျက်နှာစာတည့်တည့် လက်ဝဲလက်ယာ အဝင်ပေါက်နှစ်ပေါက်အကြားမှာ ဆင်းတုတော်ကြီးတစ်ဆူရှိပြီး အတွင်းဘက်လက်ဝဲလက်ယာ နံရံနှစ်ဖက်မှာလည်း နှစ်ကျိတ်ရှစ်ဆူဆင်းတုတော်လေးတွေကို အစီအရီထားရှိတာကို တွေ့ရတယ်။ သိမ်ရဲ့ ခေါင်းရင်းဘက်ကျကျနေရာမှာတော့ အုတ်ပလ္လင်တံကဲပေါ်မှာ ကိန်းဝပ်စံပါယ်နေတဲ့ အဓိက ဆင်းတုတော်ကြီးကို ဖူးတွေ့ရတာပါ။ အဲဒီဆင်းတုတော်နောက်ကျော သိမ်ခေါင်းရင်းအုတ်နံရံနဲ့

ကပ်လျက်နေရာမှာလည်း လျောင်းတော်မူကြီးတစ်ဆူကို ဖူးတွေ့ရပါတယ်။

ဒီလို သိမ်အဝင်ဝမှာ ဆင်းတုတော်ကြီးတစ်ဆူ၊ နဘေးနံရံနှစ်ဖက်မှာ ဆင်းတုတော်လေးတွေ၊ ခေါင်းရင်မကျတကျနေရာက အဓိကဆင်းတုတော်ကြီးနဲ့ ခေါင်းရင်းနံရံက အုတ်ပလ္လင်ခုံပေါ်မှာ တစ်ဝက်လျောင်းတော်မူကြီးတစ်ဆူ ထားရှိတာတွေဟာ မြိတ်၊ တနင်္သာရီဒေသက ရှေးကျတဲ့ ဘုရားသိမ်တိုင်းလိုလိုမှာ တွေ့နေရတဲ့အနေအထားမျိုး ဖြစ်ပါတယ်။







ဆင်းတုတော်တွေက ခေတ်အဆက်ဆက် ပြန်ပြင်ထားကြပြီး ဖြစ်ပါတယ်။ သိမ်အဝင်ဝက ဆင်းတုတော်ကြီးနဲ့ သိမ်ထဲက အဓိကဆင်းတုတော်ကြီးနှစ်ဆူဆို ရင် မူလဟန်ကျန်ရုံလေးပဲ ရှိတော့တာပါ။ လက်ဝဲလက်ယာ သိမ်နံရံမှာ အစီအရီ ထားရှိတဲ့ နှစ်ကျိတ်ရှစ်ဆူ ဆင်းတုတော်လေးတွေဆိုရင်လည်း ဒီအတိုင်းပါပဲ။ ပြန်ပြင်ထားလို့ မူလလက်ရာတွေ ပျောက်သလောက်ဖြစ်နေပြီး ဆင်းတုတော် အသေး လေးငါးဆူလောက်ပဲ မူလအတိုင်းနီးပါး တွေ့မြင်ရပါတော့တယ်။

ဒီသိမ်ကြီးအတွင်းမှာ ထူးထူးခြားခြား ဖူးတွေ့ရတာကတော့ သိမ် ခေါင်းရင်းနံရံနဲ့ကပ်လျက် ကိန်းဝပ်နေတဲ့ ကျောင်းတော်မှူဆင်းတုတော်ကြီးပဲ ဖြစ်ပါတယ်။ အဲဒီကျောင်းတော်မှူဆင်းတုတော်ကြီးဟာ ဒီသိမ်ထဲမှာရှိတဲ့ ဆင်းတုတော်တွေ အားလုံးထဲမှာ မူလလက်ရာ အထင်ကျန်ဆုံးနဲ့ လက်ရာ မြောက်ဆုံး ရုပ်ပွားတော်ကြီးလို့ ဆိုရမှာပါ။ ဆင်းတုတော်ကြီးကို ခြုံငုံပြီးကြည့် ရရင် ထိုင်းဟန်လွှမ်းနေတဲ့ ဆင်းတုတော်တဆူဖြစ်တယ်လို့ မြင်မိပါတယ်။

မြိတ် နဲ့ တနင်္သာရီဒေသက ရှေးဟောင်းဆင်းတုတော်တွေမှန်ရင် ထိုင်း ဟန်လွှမ်းမိုးမှုတွေ ရှိတတ်ကြပါတယ်။ မှန်ကင်းတော်၊ သင်္ကန်းတော်အနေ အထားနဲ့ မျက်နှာတော်အသွင်အပြင်တွေကအစ ထိုင်းဘက်က လက်ရာတွေနဲ့ နီးစပ်နေတာကို တွေ့ရမှာ ဖြစ်တယ်။ ကျောင်းတော်မှူခြေရင်းမှာ ရှိနေတဲ့ မင်း ဝတ်ဘုရားတဆူမှာ တန်ဆာဆင်ထားတဲ့ အနုလက်ရာများဆိုရင် ထိုင်းဟန် ဖုံးလွှမ်းနေတာ ပေါ်လွင်လွန်းပါတယ်။ ဒါတင်မကဘူး။ တံကဲအောက်စွန်းက အင်္ကတေ ကနုတ်ပန်းလက်ရာတွေနဲ့ သိမ်အပြင်ဘက်ပြူတင်းပေါက်မှာ အလှ ဆင်ထားတဲ့ အင်္ကတေတံကဲပန်းတွေဆိုရင်လည်း အဲဒီဘက်နွယ်တယ်လို့ပဲ ထင် ရတာပါ။







သိမ်မျက်နှာစာအရှေ့မှာ စိုက်ထူထားတဲ့ ကျောက်စာအရသိရတဲ့ ဒီသိမ်ကြီးရဲ့ သမိုင်းကြောင်းကို ဆရာမောင်ပြေချမ်း ( မြိတ် ) ရဲ့ #ပုန်းညက်တောင်စာတမ်း# မှာ ဖော်ပြထားပါတယ်။

မြိတ်မြို့ကို အေဒီ 1731 ခုနှစ်မှာ ယိုးဒယားမင်း ဗြရာမသွန်တိသက တည်ထောင်ခဲ့ပြီး မာရိတ်မြို့အဖြစ် အမည်တွင်စေခဲ့တယ်လို့ ဆိုတယ်။ ပုန်းညက်တောင်ပေါ်မှာရှိနေတဲ့ စေတီကိုတော့ မြိတ်မြို့မတည်ခင် အေဒီ 1666 ခုနှစ်ကတည်းက ထည်ထောင်ခဲ့တာပါတဲ့။ အေဒီ 1741 ခုနှစ် (ယိုးဒယားတို့အုပ်စိုးထားတဲ့အချိန်) ရောက်တော့ မြိတ်မြို့စားနဲ့ တနင်္သာရီမြို့စားတို့က ပုန်းညက်တောင်ပေါ်မှာပဲ ယိုးဒယားမင်းခွင့်ပြုချက်နဲ့ သိမ်တည်ပြန်ပါတယ်။ အဲဒီသိမ်ကိုယိုးဒယားမင်းက သေးမား(သီမာ)သိမ်အမည်တွင်ခဲ့စေပြီးတပို့တွဲလဆန်း ၁၁ ရက် ကြာသပတေးနေ့မှာ သံဃာ ၂၂ ပါးနဲ့ သိမ်သမုတ်ခဲ့တယ်လို့ ဆိုတယ်။ ကျောက်စာကိုလည်း အဲဒီနှစ် တန်ခူးလဆန်း ၃ ရက် တနင်္လာနေ့မှာ စိုက်ထူခဲ့တာပါတဲ့။



သိမ်အရှေ့မှာ စိုက်ထူထားတဲ့ ကျောက်စာနှစ်မျက်နှာစလုံးမှာ မှတ်တမ်းရေးထိုးထားတာကို တွေ့ရပါတယ်။ ကျောက်စာရဲ့ ပထမစာမျက်နှာကို သိမ်သမုတ်တဲ့ အေဒီ 1741 ခုနှစ်မှာ ရေးထိုးခဲ့တာဖြစ်ပြီး ကျောဘက်မျက်နှာမှာ ကျတော့ နောက်ထပ်ပြုပြင်မွမ်းမံသူတွေက အေဒီ 1829 ခုနှစ်မှာ ဖြည့်စွက်မှတ်တမ်းတင်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီမှတ်တမ်းကြောင့်ပဲ အခုသိမ်ထဲမှာ

တွေ့နေရတဲ့ နှစ်ကျိတ်ရှစ်ဆူ ဆင်းတုတော်တွေနဲ့ လျှောင်းတော်မူ ရုပ်ပွားတော်ကြီးကို သိမ်သမုတ်ပြီး ၆၆ နှစ်ကြာမှ ဖြည့်သွင်းကုသိုလ်ပြုခဲ့တာဖြစ်ကြောင်း သိခဲ့ရတာ ဖြစ်မှာပါ။ ဒါဆိုရင် သိမ်ကြီးနဲ့ အဓိကဆင်းတုတော်ကြီးကို ယိုးဒယားမင်းလက်ထက်မှာ တည်ဆောက်လှူခဲ့တာဖြစ်ပြီး နှစ်ကျိတ်ရှစ်ဆူ ဆင်းတုတော်တွေနဲ့ လျောင်းတော်မူရုပ်ပွားတော်ကြီးကို မြိတ်မြို့မြန်မာမင်းလက်ထဲ ပြန်ရောက်ပြီးတဲ့အခါကျမှ ထပ်မံလှူဒါန်းခဲ့တာလို့ မှတ်ယူရမှာပါ။ အဲဒီအချိန်ဟာ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက် ဖြစ်ပါတယ်။

မြိတ် တနင်္သာရီဒေသက ရှေးဟောင်းဘုရားတွေဟာ ထိုင်းဟန်တွေ ပါနေတတ်ကြောင်း အထက်မှာ ပြောခဲ့ပါတယ်။ တချို့က ထိုင်းဟန်ပါတဲ့ဆင်းတုတော်ကြီးတွေကိုကြည့်ပြီး အဲဒါတွေကို ထိုင်းတို့ကပဲလာ တည်သွားသလိုမျိုး အတိအကျ ထင်မြင်ချက်တွေ ပေးတတ်ပါတယ်။ တကယ်တော့ ဒီဒေသက ဆင်းတုတော်တွေ ထိုင်းဟန်ပါနေတာ အထူးအဆန်း မဟုတ်ပါဘူး။ ထိုင်းနိုင်ငံနဲ့ တနင်္သာရီ၊ မြိတ်ဒေသတို့ဟာ နယ်မြေချင်းထိစပ်နေပြီး အင်းဝခေတ်လောက်ကတည်းက စီးပွားကူးသန်းရေးနဲ့ နိုင်ငံရေးတို့မှာ ထိတွေ့ဆက်ဆံမှုတွေ ရှိခဲ့တဲ့နေရာတွေ ဖြစ်ပါတယ်။

မြိတ်၊ တနင်္သာရီဒေသတွေဟာ မြန်မာနိုင်ငံရဲ့ တောင်ဘက်အစွန်းမှာ တည်ရှိနေတဲ့ ဒေသတွေပါ။ အဲဒီဒေသတွေဟာ ဗဟိုအစိုးရခြေတည်ရာ မြို့တော်ကြီးတွေနဲ့လည်း လှမ်းဝေးလွန်းတော့ ပိုမိုနီးစပ်ပြီး ဆက်သွယ်မှု ပိုများတဲ့ ထိုင်းနိုင်ငံဘက်က ယဉ်ကျေးမှု ကူးစက်ခံရခြေ ပိုများ နိုင်ပါတယ်။ ဒါကြောင့် ဒီဒေသက ဒေသခံမြန်မာတွေ တည်ထားကိုးကွယ်ခဲ့တဲ့ စေတီပုထိုး၊ ဘုရား၊ ဂူ၊ ကျောင်း ဇရပ်တို့မှာလည်း ထိုင်းဟန် ပါနေတတ်ပါတယ်။ ဒါကြောင့် ထိုင်းဟန် ပါနေတဲ့



အနုလက်ရာတွေကို ကြည့်ပြီး ထိုင်းတို့ရဲ့လက်ရာ ၊ ထိုင်းတို့တည်ထားခဲ့တာလို့ အတိအကျ ပြောလို့ မရပါဘူး။

မြိတ်မြို့ကို မာရိတ် ဆိုတဲ့နာမည်နဲ့ မြို့တည်ထောင်ပြီး ထိုင်းမင်းအုပ်ချုပ်ခဲ့ဖူးတာ မှန်ပေမယ့်လည်း အဲဒီအချိန်က ဒေသခံအများစုဟာ မြန်မာတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဒေသမှာတွေ့နေရတဲ့ သိမ် ကျောင်း ဘုရားတို့ဟာ မြန်မာတို့ရဲ့ ကောင်းမှုတွေသာ ဖြစ်တယ်လို့ ဆိုရမှာပါ။

မြိတ်မြို့မှာ သိမ်ကြီးတောင်ဘုရား နဲ့ လေးကျွန်းဆီမီးသိမ်တော်ကြီးဆီကိုသာ လူတွေအရောက် အပေါက်များ ကြတာပါ။ ပိုရှေးကျတဲ့ တောကျောင်းတောင် (ပုန်းညက်တောင်)က စေတီနဲ့ သေးမားသိမ်ကြီးဆီကိုတော့ လူတွေအရောက် အပေါက်နည်းနေသေးပြီး မြို့ခံတွေကိုယ်တိုင်ကလည်း အာရုံစိုက်မှု အားနည်းကြတယ်လို့ ထင်ပါတယ်။

တကယ်တော့ ပုန်းညက်တောင်က စေတီနဲ့ သိမ်တော်ကြီးဟာ မြိတ်မြို့ရဲ့ အထင်ကရ သမိုင်းဝင်ရာ တစ်ခုဖြစ်တာမို့ အထူးအလေးထားပြီး ထင်ရှားအောင် ဆောင်ရွက်သင့်ပါတယ်။ ထိုင်းဘက်က ဧည့်သည်တွေကတော့ ပုန်းညက်တောင်ဆီကို တခုတ်တရ လာရောက်လေ့လာလေ့ရှိတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်တုန်းက ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒုံကလည်း ဒီ ပုန်းညက်တောင်က ရှေးဟောင်းနေရာတွေဆီကို လာရောက်လေ့လာလည်ပတ်သွားခဲ့ကြောင်း သိမ်အတွင်းချိတ်ဆွဲထားတဲ့ ဓာတ်ပုံမှတ်တမ်းများအရ သိရပါတယ်။

တကယ်တော့ ဒီနေရာဟာ မြန်မာ-ထိုင်းနှစ်နိုင်ငံစလုံးအတွက် အထင်ကရ

နေရာတစ်ခု ဖြစ်ပါတယ်။ ကိုယ့်ဒေသ တပါးနိုင်ငံ လက်အောက်ကျရောက်နေတဲ့ အချိန်တွင်း တည်ထားခဲ့တဲ့ သာသနိကအဆောက်အအုံတစ်ခု အနေနဲ့ မှတ်မှတ်ရရရှိနေရမှာဖြစ်သလို အဲဒီတုန်းက ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေတွေ အပေါ် သုံးသပ်ဆင်ချင်ပြီး သမိုင်းသင်္ခန်းစာတွေ ယူတတ်ရမှာပါ။ နောက်ပြီး ဒီ သိမ်ကြီးကို ဒေသတွင်းက ရှေးဟောင်းအဆောက်အအုံတစ်ခုအနေနဲ့ တန်ဖိုးထားပြီး အားလုံးက ထိန်းသိမ်းစောင့်ရှောက်ထားရမှာ ဖြစ်ပါတယ်။

■ ရနောင် ( ဒွယ် )

■ ■ ■